
နှလုံးသား၌ဖြစ်တည်သော
( တစ်ခေတ်သစ် )

# နှလုံးသား၌ ဖြစ်တည်သော
## အပိုင်း (၁)

မှောင်မည်းနေတဲ့ညတစ်ည ... လူသွားလူလာ သိပ်မရှိတဲ့အချိန် ... မိန်းကလေးတစ်ဦး ကားလမ်းမပေါ်၌ လမ်းကို ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ တစ်စုံတစ်ယောက်ကို စောင့်နေဟန် ရှိလေသည်။ ပါးစပ်မှလည်း

"ဟွန့် ... မိယမင်း အခုထိ ပေါ်မလာသေးဘူး ... ဒီလိုသာ ဆက်နေနေလို့ကတော့ ငါတော့မိတော့မှာပဲ ..."

သူမနာမည်ကတော့ မေယွန်းမုန်းပါ ... သူမအသက်က သန်ဘက်ခါဆို ၁၈ပြည့်ပါပြီ ... သူမက မိဘတွေမရှိတဲ့အတွက် ဦးလေးဖြစ်သူတို့က ကျွေးမွေး ပြုစုစောင့်ရှောက်ထားကြတယ်။ သူမရဲ့မိဘတွေက သူမအသက် ၁၈ပြည့်ရင် အမွေတွေအားလုံးလွှဲပေးဖို့ သေတမ်းစာမှာ ပြောထားတာကိုသိတဲ့ ဦးလေးဖြစ်သူ ဦးရဲရင့်နဲ့သူ့ဇနီးဖြစ်သူ မိုးမာယာတို့က အမွေတွေကို လက်ဝါးကြီးအုပ်ချင်တဲ့အတွက် သူတို့ရဲ့သားဖြစ်သူ စေတန်လင်းနဲ့ ပေးစားဖို့ အတင်းအကြပ် စီစဉ်ကြလေသည်။ သူမလည်း လက်မခံနိုင်တဲ့အတွက် သူမရဲ့အချစ်ဆုံး သူငယ်ချင်းဖြစ်သူ ယမင်းချိုနဲ့ တိုင်ပင်ပြီး ပြင်ဦးလွင်သို့ သွားရန် အိမ်မှ ခိုးထွက်လာလေသည်။

သို့သော် သူမတို့ချိန်းထားတဲ့ နေရာသို့ ယမင်းက ရောက်မလာသေးသည့်အတွက် သူမလည်း ယမင်းကို သူ့ဦးလေးရဲ့ လူတွေဖမ်းထားမလားဆိုပြီး စိုးရိမ်တာက တစ်မျိုး ... သူမရှိတဲ့ နေရာကို သိသွားပြီး ရောက်လာမှာကို

ကြောက်တာကတစ်မျိုးနဲ့ သူမ စိတ်မအေးစွာ ရှိနေလေသည်။ သူမ အတွေး လွင့်နေတုန်းမှာပဲ ...

"တီ ... တီ ... တီ"

"Hello ..."

"မုန်း ... နင်ပြေးတော့ ... နင်ရှိတဲ့ နေရာကို ဟိုလူတွေသိသွားကြပြီ ..."

"ဘာ ... ယမင်း ... ဘယ်လိုလို့ ..."

"ငါ့အမေကို ဖမ်းထားကြပြီး ငါ့ကို အကျပ်ကိုင်လို့ ငါလည်း မလွဲသာလို့ ပြောပြလိုက်မိတယ် ... မုန်း ... အခုအချိန်မရှိတော့ဘူး ... မုန်း ... နင်ပြေး တော့ ... မြန်မြန် ..."

"အေး ... အေး ..."

မုန်းလည်း ယမင်းရဲ့ဖုန်းရပြီးတာနဲ့ ခရီးဆောင်အိတ်ကို ဆွဲကာ ထိုနေရာ မှ ထွက်ပြေးလေသည်။ မကြာပါဘူး ... သူမရဲ့ဦးလေးနဲ့ သူ့ရဲ့အပေါင်းအပါ တွေ ကား၂စီး ရောက်လာကြလေသည်။

"ဟား ... မေယွန်းမုန်း ... နင်ပြေးလို့လွတ်မယ် ထင်နေလား ... ပြေးစမ်း ပါ ... ကမ္ဘာမြေအဆုံးထိ နင်ပြေးစမ်း ... လုံးဝ ငါတို့လက်ထဲက မလွတ်ပါ ဘူးကွာ ..."

"ဦးလေး ... မုန်းတောင်းပန်ပါတယ် ... မုန်းကို သွားခွင့်ပေးပါ ..."

"ကောင်းပြီလေ ... ဒါဆို နင်ပိုင်ဆိုင်ရမယ့်အမွေတွေကို ငါတို့ကို လွှဲပေး ..."

"ဟာ ... မလွှဲပေးနိုင်ဘူး ... လုံးဝပဲ ..."

တကယ်ပါ ... တခြားအရာကို တောင်းဆိုရင် သူမလိုက်လျောလိုက်မယ် ... Marry ' s World ဆိုတော့ သူမရဲ့မိဘတွေ သွေးနဲ့ချွေးနဲ့ တည်ဆောက်

ထားတဲ့ ဟိုတယ်လုပ်ငန်းစုကိုတော့ သူမအနေနဲ့လုံးဝ အဆုံးရှုံးလည်း မခံနိုင်သလို ... အထိခိုက်လည်း မခံနိုင်ဘူး ... ဒီလုပ်ငန်းစုကြီးသာ သူတို့လို လူယုတ်မာ လက်ထဲရောက်သွားရင် မြေခသွားတဲ့ ပန်းတစ်ပွင့်လို ရစရာမရှိအောင် ပျက်စီးသွားမယ်ဆိုတာ အမှန်ပင်။ ထို့ကြောင့် သူမအနေနဲ့ ဒီလုပ်ငန်းစုကို အသက်နဲ့လဲပြီး ကာကွယ်ရမှာပင်။ အခုလည်း သူမ မပေးနိုင်ဘူး ပြောလိုက်တော့ ... ဦးရဲရင့်ရဲ့မျက်နှာက တော်တော့်ကို တင်းမာသွားပြီး သူမရဲ့အနားသို့ တဖြည်းဖြည်း တိုးကပ်လာလေသည်။ သူမလည်း ကြောက်ကြောက်နဲ့ အနောက်သို့ တဖြည်းဖြည်း ဆုတ်ရင်း ဆုတ်ရင်းနဲ့ ကားလမ်းမကြီးရဲ့ဘေးမှာ ရှိတဲ့ ချောက်ကမ်းပါးနားသို့ တဖြည်းဖြည်းကပ်လာလေသည်။

ဒါကို ဦးရဲရင့်က သိနေသည့်အလား မဲ့ပြုံးတစ်ခုကို မျက်နှာထက်၌ ပန်ဆင်လျက် သူမနဲ့ ပို၍ပင် တိုးကပ်လာလေသည်။ သူမလည်း အနောက်သို့ ထပ်ဆုတ်လိုက်တော့ ... ချောက်ကမ်းပါးသို့ ပြုတ်ကျတော့မလို ဖြစ်သွားလေသည်။ ပြုတ်ကျပြီလို့ထင်လိုက်ပေမဲ့ ... ဦးရဲရင့်က သူမလက်ကို လှမ်းဆွဲထားလေသည်။ သူမလည်း သူမကို ကယ်မည်အထင်နဲ့ ပြုံးလိုက်ပေမဲ့ ... ဦးရဲရင့်က ခနဲ့အပြုံးပြုံးလိုက်ရင်း သူမလက်ကို ဖြည်းဖြည်းချင်း လွှတ်ချလိုက်လေသည်။ သူမလည်း

"အား..."

ချောက်ကမ်းပါးမှ ပြုတ်ကျသွားပြီး အောက်မှာရှိတဲ့ ကျောက်ဆောင်နဲ့ ခေါင်းတိုက်မိသွားပြီး သွေးများစွာ ထွက်ကာ သေသလား ရှင်သလားတောင် မသိပင်။

အပေါ်မှာ ရှိတဲ့ ဦးရဲရင့်က

"ဟျောင့်တွေ ... အဲ့ကောင်မ အိတ်နဲ့ ပစ္စည်းတွေကို လက်စဖျောက်လိုက်

တော့ ... ဘာသက်သေမှ မကျန်စေနဲ့နော် ... ပြီးတော့ ဒီကိစ္စကို အပြင်လူ တစ်ယောက်ယောက် သိလို့ကတော့ မင်းတို့အားလုံး သေမင်းနဲ့တွေ့သွားမယ် ... ကြားလား ..."

"ဟုတ်ကဲ့ပါ ... Boss"

ဦးရဲရင့်ရဲ့ အမိန့်သံအဆုံး အားလုံးက တညီတညွတ်တည်း ဖြေရင်း မုန်းရဲ့ ပစ္စည်းတွေကို ရှင်းပစ်ရန် ပြင်ဆင်နေကြလေသည်။

ဦးရဲရင့်နဲ့ သူ့လက်စွဲ တပည့် ထင်လင်းကတော့ ကားတစ်စီးနဲ့ ထွက်သွားကြလေသည်။

မှောင်မည်းနေတဲ့ အခန်းတစ်ခု ... ထိုအခန်းထဲ၌ သွေးသံရဲရဲနဲ့လက်တွေကို သံကြိုးဖြင့် ဖမ်းချုပ်ထားခြင်းခံရသော လူတစ်ယောက်ရယ် ... ထိုလူအား ရိုက်နှက်နေတဲ့ လူတစ်ယောက်ရယ် ... သူတို့ကို ဆိုဖာပေါ်၌ ကျကျနန ထိုင်နေပြီး ကြည့်နေတဲ့ လူတစ်ယောက်နဲ့ သူ့အနားမှာ လက်ကို ယှဉ်ကာပိုက်ပြီး ရပ်နေတဲ့ လူတစ်ယောက် စုစုပေါင်း လူ၄ယောက် ရှိနေကြလေသည်။

ခဏကြာတော့ ရိုက်နေတဲ့လူက ရုတ်တရက် ရိုက်တာကို ရပ်လိုက်တော့ ဆိုဖာမှာ ထိုင်နေတဲ့လူက

"ဟက် ... ဘယ်လိုလဲ ... မင်းပြောဖို့ အဆင်သင့်ပဲလား ... ငါတို့ကို ချုံခိုတိုက်ခိုက်ခိုင်းတာ ဘယ်သူလဲ ... မင်းတို့ရဲ့ နောက်ကွယ်က ကြိုးကိုင်တဲ့သူက ဘယ်သူလဲ ... ပြောစမ်း ..."

ထိုလူက မေးနေပေမဲ့ အရိုက်ခံထားရ အနှိပ်စက်ခံထားရတဲ့လူက သတိမေ့လုနီးပါးဖြစ်နေတဲ့ အတွက် ထိုလူလည်း သူ့ဘေးမှာရပ်နေတဲ့ လူကို မျက်စပစ်ပြလိုက်တာ အဲ့လူက မေ့နေတဲ့လူကို ရေပုံးထဲက ရေများဖြင့်

ပက်လိုက်လေသည်။

ရေမွှန်းပြီး သတိရလာတော့

"မင်းပြောမလား ... မင်းမိန်းမနဲ့ မင်းသမီးကို ငါ့လိင်ကျွန်အဖြစ် ထားပေးရမလား ..."

"မ ... မလုပ် ... လုပ်ပါနဲ့ဗျာ ... ကျွန် ... ကျွန်တော်ပြောပြပ့ါမယ် ..."

"ဟင်း ... ဒီလိုလိမ္မာမှပေ့ါ ... ပြော ..."

"စေတန်လင်းပါ ... သူက ခင်ဗျားကိုလုပ်ကြံနိုင်ရင် ကျွန်တော့်ကို တစ်သက်စားမကုန်အောင် ပေးမယ်ဆိုလို့ပါ ဗျာ ... ကျွန်တော် တောင်းပန်ပါတယ် ..."

"ဟက် ... စေတန်လင်း ... မင်းကများ ငါ့ကို လာထိရဲတယ်ပေ့ါ ... စွမ်း ... ရှင်းလိုက်တော့ ..."

ထိုလူရဲ့ အမိန့်သံလည်းဆုံးရော စွမ်းဆိုတဲ့လူက သေနတ်ဖြင့် ဒဏ်ရာများစွာနဲ့လူကို ချိန်ကာ ပစ်လိုက်လေသည်။

"ဒိုင်း..."

လူသေအလောင်းကို ကြည့်ကာ မဲ့ပြုံးပြုံးလိုက်ရင်း ထိုဂိုဒေါင်ထဲမှ ထွက်လာခဲ့လေသည်။

ထိုသို့ ဘယ်အရာကိုမှ မကြောက်တတ်သူကတော့ စီးပွားရေးလောကရဲ့ top one ... အမှောင်လောကရဲ့ ရှင်ဘုရင် တစ်ပါးဖြစ်တဲ့ ဂုဏ်ခေနရှိန်။ အချမ်းသာဆုံးစာရင်းမှာ top one လို့ ပြောရလောက်အောင် ချမ်းသာသူ ... ရုပ်ရည်ကလည်း ပြောစရာမလိုအောင် ... သန့်ပြန့် တည်ကြည် ခန့်ညားလေသည်။ မိန်းကလေးတိုင်းကို ကစားရုပ်တစ်ခုလို သဘောထားကာ ကစားတတ်သလို သူမလိုတော့ရင် သတ်ပစ်တဲ့အထိ ကြောက်စရာ ကောင်း

လှသည့် လူသား။ သူ့အပေါ် သစ္စာဖောက်ဖို့ မစဉ်းစားနဲ့ ... အဲဒီလိုစဉ်းစား လိုက်တာနဲ့ ... စဉ်းစားလိုက်တဲ့ ဦးနှောက်ထဲသို့ သူ့ရဲ့ကျည်ဆန်က auto ဝင်ပြီးသား ဖြစ်သွားမယ်။

သူ့လိုပဲ သူ့ရဲ့ညာလက်ရုံး စွမ်းရာဇ်။ သူကလည်း သေနတ်ပစ်တဲ့နေရာမှာ တဖက်ကမ်းခပ်အောင် ကျွမ်းကျင်သူတစ်ယောက်မို့လို့ ဂုဏ်ရဲ့လက်စွဲပေ့ါ။

အခုလည်း သူတို့ရဲ့ပစ္စည်းကို လမ်းတစ်ဝက်ကနေ ဖြတ်လုရုံသာမက သူ့ကိုပါ လုပ်ကြံဖို့ လုပ်ခိုင်းခဲ့တဲ့တရားခံကို ရအောင်ဖော်ထုတ်ပြီး တောအုပ်လိုလို ... ကားလမ်းမကြီးရဲ့ အောက်မှာ ရှိတဲ့ ချောက်ကမ်းပါးမှာ ရှိတဲ့ သူ့ရဲ့ ငရဲခန်း တစ်နည်းအားဖြင့် သူ့အား သစ္စာဖောက်သူ လုပ်ကြံသူတို့ကို အပြစ်ပေးသည့်အခန်းတစ်ခု (ဂိုဒေါင်လိုပုံစံ) မှာ ကိစ္စတစ်ခုကိုရှင်းပြီး အပြင်သို့ ပြန်ထွက်လာစဉ်

"စွမ်း အဲ့စေတန်လင်းကို စောင့်ကြည့်ထား ... အဲ့ကောင်က ငါ့လိုလူကို လာရန်ထောင်နေတာပဲ ... သူက သေမင်းနဲ့ ကစားချင်တယ် ဆိုတော့လည်း ငါက ကစားပေးရမှာပေ့ါကွာ ..."

"ဟုတ် ... သခင်"

သူတို့လည်း စကားပြောရင်း သူတို့ကား အနားကို လာတော့ ...

"ဟင်း ... အင့် ... အီး ..."

ညည်းညူသံ တချို့ကို ကြားလိုက်ရတဲ့အတွက်

"စွမ်း ... မင်း အသံကြားလား ..."

"ဟုတ် ကြားတယ် သခင် ..."

"လိုက်ရှာစမ်း"

"ဟုတ် ..."

စွမ်းရဲ့ သခင့်ရဲ့အမိန့်ကြောင့် ထိုအသံရဲ့ပိုင်ရှင်ကို လိုက်ရှာနေလေသည်။ ခဏကြာတော့

"သခင် ... သခင်ရှာတွေ့ပြီ ..."

ဂုဏ်လည်း စွမ်းခေါ်တဲ့နေရာကို သွားလိုက်တော့ မိန်းကလေးတစ်ယောက် သွေးအိုင်ထဲမှာ လဲနေတာကို တွေ့လိုက်ရတဲ့အတွက်

"စွမ်း ... ကားတံခါးသွားဖွင့်ပြီး ကားစက်နှိုးထား ..."

"ဗျာ ... ဟုတ် ... ဟုတ်သခင် ..."

ဂုဏ်လည်း စွမ်းသွားတာနဲ့ ထိုမိန်းကလေး ပွေ့ချီလိုက်ပြီး ကားရှိရာသို့ ခေါ်သွားလေသည်။ ကားနားသို့ရောက်တော့ မိန်းကလေးကို ကားပေါ်သို့ အရင်တင်ပေးလိုက်ပြီး နောက်မှ သူဝင်ထိုင်ကာ ကားကို မောင်းရန် အချက်ပြလိုက်လေသည်။

စွမ်းလည်း သခင့်ရဲ့အချက်ပြတာကို မြင်တာနဲ့ ကားကို စံအိမ်သို့ ဦးတည်ကာ မောင်းထွက်လာခဲ့လေသည်။

***